
TIMCI

Tools for Integrated Management of Childhood Illness

# မွေးကင်းစမှ ငါးနှစ်အောက်ကလေး ပေါင်းစည်းကုသခြင်းအတွက် ကိရိယာများ

*ပြင်းထန်ရောဂါများအား ရှာဖွေစမ်းသပ်နိုင်သည့်ကိရိယာများကို လက်လှမ်းမှီရရှိနိုင်မည့် အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း*



## ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်းဖြင့်  ပိုမိုမှန်ကန်တိကျသော စမ်းသပ်ခြင်း၊ ရောဂါအမျိုးအမည် ရှာဖွေဖေါ်ထုတ်ခြင်း နှင့် ပြုစုခြင်းတို့ ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် အသက်ငါးနှစ်အောက်ကလေး ၅သန်းကျော်သည် ကြိုတင်ကာကွယ်ကုသ မည်ဆိုလျှင်ပျောက်ကင်းနိုင်သော ရောဂါများကြောင့်သေဆုံးခဲ့ရသည်။

အခြေခံကျန်းမာရေးဌာနများသို့ ကလေးလူနာများ ရောက်ရှိလာသောအခါ ၎င်းတို့ကိုလိုအပ်သလို စစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်း၊ စီမံဆောင်ရွက်ပေးရန် နှင့် လိုအပ်ပါက အရေးပေါ်ကုသမှုကို နှောင့်နှေးခြင်းမရှိစေပဲ ခံယူနိုင်စေရန် ညွှန်ကြားခြင်း အစရှိသည်တို့ဆောင်ရွက်ပေးရန် အလွန်အရေးကြီးပါသည်။ ကလေးငယ်များတွင် ဖြစ်ပွားတတ်သော ပြင်းထန်ရောဂါများမှ အချို့သည် ထင်ရှားသော ပြင်ပ ရောဂါလက္ခဏာ စစ်ဆေးရုံမျှဖြင့် မသိရှိနိုင်ပါ။ ရောဂါလက္ခဏာ မှန်ကန်စွာစစ်ဆေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများ ကို စမ်းသပ်ကိရိယာများ ပံ့ပိုးပေးရန်နှင့် သင်တန်းများ ပို့ချပေးရန် လိုအပ်ပါသည်။ အောက်ပါ ကိရိယာများ သည် ကလေးငယ်များတွင် ရောဂါ ဖြစ်ပွားခြင်းနှင့် သေဆုံးခြင်း တို့၏ အဓိကအကြောင်းအချက်များ ကို မှန်ကန်စွာသတ်မှတ်ဖေါ်ထုတ်နိုင်ကာ ကုသမှုမြန်မြန်ဆန်ဆန်ရရှိပြီး ပြန်လည်သက်သာလာစေရေးအတွက် မရှိမဖြစ်လိုအပ်ပါသည်။

- **သွေးတွင်းအောက်ဆီဂျင်တိုင်းတာခြင်း** (Pulse oximetry) အဓိက ကျန်းမာရေး လက္ခဏာများ (vital signs)ကို စမ်းသပ်ရာတွင် အသုံးပြုနိုင်သော သွေးတွင်းအောက်ဆီဂျင်တိုင်းတာနိုင်သည့် (Pulse oximeters) ကဲ့သို့ ကိရိယာများသည် အရေးပေါ်ကုသရန်လိုအပ်သော ပြင်းထန်ရောဂါ လက္ခဏာ များကို ကျန်းမာရေးဝန်ထမ်းများ သတိပြုမိစေရန် အတွက် မရှိမဖြစ်လိုအပ်ပါသည်။ အဆိုပါ ကိရိယာငယ်သည် သွေးခုန်နှုန်း နှင့် သွေးတွင်း အောက်ဆီဂျင် ပမာဏကို ခန္ဓာကိုယ်ပြင်ပမှ တိုင်းတာပေးခြင်းဖြင့် လူနာ၏အဓိကကျသော သတင်းအချက်အလက်ကို ကျန်းမာရေးဝန်ထမ်းက ရရှိပြီး ရောဂါပြင်းထန်သောကလေးငယ်များကို ခွဲခြားဖေါ်ထုတ်နိုင်မည်ဖြစ်သည်။ တွေ့ရှိချက်များအရ ကလေးငယ်များတွင် သွေးတွင်းအောက်ဆီဂျင်လျော့နည်းစေသည့် ရောဂါ hypoxemia ကို ပုံမှန် ပြင်ပရောဂါလက္ခဏာစစ်ဆေးခြင်း တစ်ခုတည်းဖြင့် ဖေါ်ထုတ်ခြင်းထက် အဆိုပါကိရိယာငယ်ကိုပါ အသုံးပြု၍ ခွဲခြားဖေါ်ထုတ်ခြင်းက ၂၀% မှ-၃၀% ထိပိုမိုမှန်ကန်မှုရှိစေသည်။[1]
- **CDSA** (Electronic Clinical decision support algorithms) သည် လူနာ၏အချက်အလက်နှင့် ရောဂါလက္ခဏာများ ကို digital application များမှတစ်ဆင့် စီစစ်ပေးပြီး အဆိုပါ အချက်အလက်များအား လက်ရှိကျင့်သုံးနေသည့် “မွေးကင်းစနှင့် ငါးနှစ်အောက်ကလေး ပေါင်းစည်းကုသခြင်း လမ်းညွှန်ချက်များ”ဖြင့် ဆက်စပ် ချိတ်ဆက်ပေးသည်။ CDSAs ကိုအသုံးပြုခြင်းဖြင့် ကုသရေးလမ်းညွှန်ချက်များ လိုက်နာမှုကို တိုးတက်စေခြင်း၊ ၎င်းလမ်းညွှန်ချက်များကို လက်တွေ့အကောင်အထည်ဖေါ်ရာတွင် ပိုမိုအားကောင်းစေခြင်း နှင့် ကလေးလူနာများအပေါ် ကျန်းမာရေးဝန်ထမ်းများ မှန်ကန်စွာ စီမံခန့်ခွဲနိုင်မှုစသည်တို့အတွက် အထောက်အကူဖြစ်စေသည်။

အရေးပေါ်စမ်းသပ်ခြင်းနှင့် ရောဂါကုသရေးတွင် အဆိုပါ  အထောက်အကူပြုကိရိယာများကို ပတ်ဝန်းကျင်အခြေအနေနှင့် လိုက်လျောညီထွေမှုရှိအောင်ပြုလုပ်ပြီး မှန်ကန်စွာသုံးစွဲမည်ဆိုပါက အခြေခံ ကျန်းမာရေးဝန်ထမ်းများမှ ဆေးကုသမှုချက်ချင်းဆောင်ရွက်ရန်လိုအပ်သော ကလေးလူနာများကို မှန်ကန်စွာ ခွဲခြားဖေါ်ထုတ်နိုင်ရန် ကူညီပေးပြီး ၎င်းတို့ ပြန်လည်သက်သာလာမည့် အခွင့်အလမ်းကို ပိုမို တိုးတက်စေနိုင်သည်။ ထို့အပြင် တိကျသော ရောဂါစစ်ဆေးခြင်းနှင့် ဖေါ်ထုတ်ခြင်းကြောင့် ပဋိဇီဝ ဆေးများ မှားယွင်းအသုံးပြုမိခြင်း ကိုရှောင်ကြဉ် နိုင်ပြီး ဆေးယဉ်ပါးခြင်း ဖြစ်ပေါ်မှုကိုလျော့ကျစေနိုင်သည်။

ဝင်ငွေနည်း နိုင်ငံများ နှင့် ဝင်ငွေ အသင့်အတင့်နိုင်ငံများရှိ အခြေခံကျန်းမာရေးအဆောက်အအုံများတွင် အဆိုပါ အရေးပါသော ကိရိယာများကို ကျယ်ကျယ်ပြန့်ပြန့် မရရှိနိုင်ခြင်း၊ စနစ်တကျ အသုံးမပြုနိုင်ခြင်း၊ မွေးကင်းစနှင့် တစ်နှစ်အောက် ကလေးငယ်များအတွက် သုံးစွဲရန်ဆီလျော်အောင်ပြင်ဆင်ထားသည့် ကရိယာများဖြစ်မနေခြင်း  သို့မဟုတ် သင့်လျော်သော သင်တန်းပို့ချမှု နှင့် ထောက်ပံ့မှု ပေးမည့် သူမရှိခြင်း စသည့် အခြေအနေတို့ ကြုံတွေ့နေရသည်။

ရံဖန်ရံခါတွင် ၎င်းနိုင်ငံများ၏ အနေအထား နှင့် ပတ်ဝန်းကျင်အတွက် အကောင်းဆုံးဖြစ်စေမည့် ကိရိယာများကို ရွေးချယ်နိုင်ရန်  ပြည့်စုံသည့် အထောက်အကူပြု မူဝါဒ မရှိသည့်အပြင် အဆိုပါကိရိယာများ ၏ကျန်းမာရေးအပေါ် သက်ရောက်မှု၊ ကုန်ကျစရိတ်နှင့်နှိုင်းစာလျှင်ထိရောက်မှု ရှိမရှိ သို့မဟုတ် အခြေခံကျန်းမာရေးဌာနများ ၏ ပတ်ဝန်းကျင်အနေအထားအတွက် သင့်လျော်မှုရှိမရှိ စသည့် သတင်းအချက်အလက်များ နည်းပါးနေသေးသည်။

## မွေးကင်းစမှ ငါးနှစ်အောက်အရွယ်ကလေးငယ်များကို ပေါင်းစည်းကုသခြင်းအတွက် ကိရိယာများ

1. World Health Organization (WHO). *Oxygen Therapy for Children Manual*. Geneva: WHO; 2016.

Unitaid ၏ထောက်ပံ့မှု ၊ Swiss Tropical and Public Health Institute နှင့် လက်တွဲလုပ်ဆောင်မှု တို့နှင့်အတူ PATH သည် အိန္ဒိယ၊ကင်ညာ၊မြန်မာ၊ဆီနီဂေါ နှင့် တန်ဇားနီးယား နိုင်ငံများရှိ ငါးနှစ်အောက်ကလေးငယ်များကို ပိုမိုမှန်ကန်သော ရောဂါစစ်ဆေးခြင်းနှင့် ရောဂါအဆင့်သတ်မှတ်ခြင်း အတွက် အစီအစဉ်အသစ်တစ်ခု အကောင်အထည်ဖေါ်လျက်ရှိသည်။

**စီမံချက်ပန်းတိုင်** "မွေးကင်းစမှ ငါးနှစ်အောက်ကလေး ပေါင်းစည်းကုသခြင်းအတွက် ကိရိယာများ" စီမံကိန်းသည် ကျန်းမာရေးဝန်ထမ်းများမှ  ပြင်းထန်စွာနေမကောင်းဖြစ်နေသော ကလေးငယ်များ ကို သတ်မှတ်ခွဲခြားနိုင်စေရန် နှင့် နှောင့်နှေးမှုမရှိစေပဲ ကုသပေးနိုင်ရန် သင့်လျော်သည့် အထောက်အကူပြု ကိရိယာများကို လက်ခံနိုင်လောက်သောကုန်ကျစရိတ်ဖြင့် ရရှိနိုင်မည့် အခွင့်အလမ်းများကို တိုးတက်အောင်လုပ်ဆောင်မည်ဖြစ်သည်။

## TIMCI စီမံချက်မှဆောင်ရွက်မည့်လုပ်ငန်းများမှာ-

TIMCI စီမံကိန်းသည် ၂၀၂၃ ခုနှစ်အထိတိုင်အောင် အိန္ဒိယ၊ ကင်ညာ၊ မြန်မာ၊ ဆီနီဂေါ နှင့် တန်ဇားနီးယား နိုင်ငံအသီးသီးရှိ ကျန်းမာရေးဝန်ကြီးဌာနများ အပြင် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲကာ အောက်ပါတို့ကိုလုပ်ဆောင်သွားမည်ဖြစ်သည်။

+ **အသုံးပြုမည့် ကိရိယာများ မိတ်ဆက်ခြင်း**
  စီမံချက်တွင်အသုံးပြုမည့် ကိရိယာများ ဖြစ်သည့် **POs** နှင့် **CDSAs** များကို စီမံကိန်းအကောင်အထည်ဖေါ်မည့် နိုင်ငံငါးနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ အခြေခံကျန်းမာရေးဌာန ပေါင်း ၃၆၀ တွင် ရှိသော အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် တပ်ဆင်မိတ်ဆက်ပေးခြင်း ဖြင့် ၅နှစ်အောက်ကလေးလူနာများတွင် ပြင်းထန်သော ရောဂါများ စမ်းသပ်ရှာဖွေ နိုင်မည်ဖြစ်သည်။

  **အချက်အလက်များ မျှဝေခြင်း**
  အခြေခံကျန်းမာရေး ဌာန ဝန်းကျင်အနေအထားအလိုက် အဆိုပါ ကိရိယာများ၏ သက်ရောက်မှု၊ ကုန်ကျစရိတ်နှင့်စာလျှင်ထိရောက်သောအကျိုးရှိမှု ရှိမရှိ နှင့် အကောင်းဆုံးအသုံးချနိုင်သည့် နည်းလမ်းများ စသည့် အချက်အလက်များကို ပေးအပ်ဝေမျှသွားရန်ဖြစ်ပြီး  ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်များ အသိပေးတင်ပြခြင်းနှင့်  သက်သေအထောက်အထားကွာဟမှု ကို ဖြေရှင်းရန် ကူညီပေးသွားမည်ဖြစ်သည်။

  **ကုန်ပစ္စည်း ဈေးကွက်ကို ပိုမိုအားကောင်းစေခြင်း**
  ပြင်းထန်သော ရောဂါများ ကို ပိုမို အားသွန်ခွန်စိုက် ထောက်လှမ်းရှာဖွေနိုင်ရန်အတွက် စုံလင်သောတိုင်းတာချက်အမျိုးမျိုးပါဝင်သော ရောဂါရှာဖွေရေးကိရိယာများ **(** အသက်ရှုနှုန်း၊ အပူချိန်၊ ဟေမိုဂလိုဘင်၊ သွေးပေါင်ချိန် စသည်တို့ကို တိုင်းတာသည့် အပိုစနစ်များပါသော **POs** များ **)** ၏ဈေးကွက်ကို အားကောင်းလာအောင် ဆောင်ရွက်မည်ဖြစ်ပြီး  ကုန်ပစ္စည်း၏ အနှစ်ချုပ်သတင်းဆောင်းပါး ၊ ဈေးကွက် သုတေသန၊ သက်ဆိုင်ရာ ဘေးကင်းလုံခြုံရေးလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိမရှိ တန်ဖိုးဖြတ်ခြင်း စသည် တို့ကိုလည်း ဖေါ်ထုတ်လုပ်ဆောင်သွားမည်ဖြစ်သည်။

  **ကျန်းမာရေးဌာနအသီးသီးနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း**
  ပိုမို အားကောင်း၍ လူတိုင်းလက်လှမ်းမှီနိုင်သော  အခြေခံကျန်းမာရေးစောင့်ရှောက်မှု စနစ် အတွက် ရေရှည်တည်တံ့မည့် စီမံကိန်းတစ်ရပ် ကို ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းစဉ် နှင့် ဆက်စပ်ကာ ထပ်ဆင့်တိုးမြှင့်ဆောင်ရွက်ရန် အစိုးရ အရပ်ရပ်၊အလှူရှင် အဖွဲ့အစည်းများ  အစရှိသည်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်သည်။

ထို့အပြင် ကမ္ဘာအနှံ့ဖြစ်ပွားနေသော COVID-19 ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် TIMCI စီမံကိန်းသည် ကျန်းမာရေးဝန်ကြီးဌာနများ၏ တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်များဖြစ်သည့် COVID-19 ရောဂါခံစားနေရသော လူနာများကို ပိုမိုကောင်းမွန်စွာကုသပေးနိုင်မည့် အသက်ရှူထောက်ကူ စနစ်များ လုံလောက်စွာ ရရှိနိုင်ရေး  နှင့် ရောဂါ ကာကွယ်ကုသရေး ဘဏ္ဍာ ငွေရှာဖွေရေး စသော အကူအညီများအပါအဝင် ပညာရပ်ဆိုင်ရာ အထောက်အပံ့များကို ပေးအပ်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်း သည် TIMCI စီမံကိန်း ဖေါ်ဆောင်ရာ နိုင်ငံများရှိ ကျန်းမာရေးစနစ်ကို ပို၍အားကောင်းလာစေမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ နှင့် နောက်ဆက်တွဲ ကိစ္စ ရပ်များ အား တုံ့ပြန်ဆောင်ရွက်ရာတွင် လိုအပ်မည့် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ကုထုံးများကွက်လပ် ဖြည့်ဆည်းနိုင်စွမ်းကို တိုးတက်စေမည်ဖြစ်သည်။

## TIMCI စီမံကိန်း၏ မိတ်ဖက်အဖွဲ့အစည်းများ

**PATH** သည် ကမ္ဘာပေါ် ရှိ အရေးတကြီး ဖြေရှင်းရန် အလိုအပ်ဆုံးသော ကျန်းမာရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အစိုးရအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုအကျိုးပြုလုပ်ငန်းများ နှင့် ရင်းနှီးမြှုပ်နှံသူများကို စုစည်းကာ သာတူညီမျှကျန်းမာရေးကို အရှိန်မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ သိပ္ပံပညာ၊ ကျန်းမာရေး၊ စီးပွားရေးပညာ၊ နည်းပညာ၊ တွန်းအားပေးဆွေးနွေးမှုနှင့် အခြားသော အထူးပြုဘာသာရပ်များစွာကို ကျွမ်းကျင်သည့် ကျွမ်းကျင်ပညာရှင်များ နှင့်အတူ PATH သည် ကမ္ဘာတစ်ဝှမ်းရှိ ကျန်းမာရေးစနစ်များ အားကောင်းစေရေးအတွက် ကာကွယ်ဆေး၊ ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများ၊ ရောဂါ ရှာဖွေမှုနည်းလမ်းများနှင့် ဆန်းသစ်တီထွင်သောနည်းလမ်းများအပါအဝင် ကျန်းမာရေးဆိုင်ရာ ဖြေရှင်းရန် နည်းလမ်းများကို ရှာဖွေကာ အားပေးမြှင့်တင်နေပါသည်။

**The Swiss Tropical and Public Health Institute (Swiss TPH)** သည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး ကဏ္ဍတွင် ဦးဆောင်နေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဝင်ငွေနည်းနိုင်ငံများနှင့်ဝင်ငွေအသင့်အတင့် နိုင်ငံများ တွင် အထူးအာရုံစိုက် လုပ်ဆောင်လျက်ရှိပါသည်။ Swiss TPH **သည်** University of Basel **နှင့်** အတူတကွ ပူးပေါင်းကာ သုတေသနလုပ်ငန်းများ၊ ဝန်ဆောင်မှုများ၊ ပညာရေး ကဏ္ဍ စသည်တို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး  ရောဂါ၏သဘာဝနှင့် ကျန်းမာရေးစနစ်ကို ပိုမိုနားလည် သဘောပေါက်စေခြင်းဖြင့် ကျန်းမာရေး လုပ်ငန်းများ တိုးတက်စေရန် နယ်ပယ်ဒေသ အဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် စသည်အဆင့်များအလိုက် သင်တန်းများ နှင့် နောက်ဆက်တွဲ အစီအမံများ ကိုလည်းပို့ချဆောင်ရွက်ပေးနေပါသည်။ နိုင်ငံပေါင်း ၇၀ ကျော်မှ ဝန်ထမ်းပေါင်း ၈၀၀ ကျော် တို့သည် ကူးစက်နိုင်သော ရောဂါများ နှင့် မကူးစက်နိုင်သော ရောဂါများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေး စနစ်များ နှင့် ကျန်းမာရေးဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု လုပ်ငန်းများ စသည်တို့အပေါ် လုပ်ကိုင်လျက်ရှိသည်။  ဝန်ထမ်းများ၏ကျွမ်းကျင်မှုများ ကို ရုံးခန်းတွင်းမှ တစ်ဆင့် နယ်မြေအရပ်ရပ်သို့လည်းကောင်း ဆေးပညာသုတေသနများဆီ မှ လက်တွေ့အကောင်အထည်ဖေါ်ဆောင်ရွက်မှု များသို့လည်းကောင်း ချိတ်ဆက်လုပ်ဆောင်လျက်ရှိသည်။

**Unitaid** အဖွဲ့အစည်းသည် အဓိက ကမ္ဘာ့ကျန်းမာရေး ပြဿနာများနှင့် စပ်လျဉ်း၍ ရောဂါ ကာကွယ်ရန်၊ အမျိုးအမည် ရှာဖွေဖေါ်ထုတ်ရန် နှင့် ကုသရန် ရည်ရွယ်ကာ လက်ခံနိုင်လောက်သော ကုန်ကျစရိတ်ဖြင့် မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အသုံးပြုနိုင်မည့် နည်းပညာဆန်းသစ် တီထွင်မှုများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၎င်းသည် အသည်းရောင်အသားဝါ စီ နှင့် သားအိမ်ခေါင်းကင်ဆာကဲ့သို့သော ရောဂါများအား အမြစ်ဖြတ် ရန် ကြိုးပမ်းလျက်ရှိပြီး ခုခံအားကျဆင်းမှုရောဂါ (HIV/AIDS)၊ ငှက်ဖျားရောဂါ နှင့် တီဘီရောဂါ ကို ကာကွယ်ခြင်းနှင့် ရောဂါအမျိုးအမည်ရှာဖွေဖေါ်ထုတ်ခြင်း စသည့်ကိစ္စရပ်များ သာမက ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ COVID-19 ကိုရင်ဆိုင်ဖြေရှင်းရာတွင် ရှေ့တန်းမှ ဆောင်ရွက်လျက်ရှိသည်။ Unitaid သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ဖွဲ့စည်းပုံ မူဘောင်ကို လက်ခံကျင့်သုံးသော မိတ်ဖက်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

**TIMCI** စီမံကိန်းအကြောင်းပိုမိုသိရှိလိုပါက ဆက်သွယ်ရန် TIMCI@path.org.